**ဂျီနီဗာမြို့၊ မြန်မာအဖွဲ့ရုံးမှ ကြီးမှူး၍ အာဆီယံမိသားစုပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများ (ASEAN Sports and Family Day) ကျင်းပပြုလုပ်ခဲ့ခြင်း**

ဂျီနီဗာမြို့အာဆီယံကော်မတီ (ASEAN Committee in Geneva-ACG) ၏ နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သည့် အာဆီယံမိသားစုပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ကြီးမှူး၍ ၁၃-၇-၂၀၁၉ ရက်နေ့၊ နံနက် ၀၉:၀၀ မှ မွန်းလွဲ ၁၅:၀၀ နာရီအထိ ဂျီနီဗာမြို့၊ Evaux အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပျော်ပွဲရွှင်ပွဲသို့ ဂျီနီဗာမြို့အခြေစိုက် အာဆီယံနိုင်ငံများမှ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများ၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများမှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးများနှင့် ဇနီးများ၊ အာဆီယံနိုင်ငံများမှ သံတမန်များနှင့် မိသားစုဝင်များ စုစုပေါင်း (၅၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

မြန်မာအမြဲတမ်း ကိုယ်စားလှယ်မှ တက်ရောက်လာသူများအား ကြိုဆို၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် သက်ဆိုင်ရာနိုင်ငံအလိုက် တာဝန်ယူထားသည့် အားကစားပွဲများအား အသီးသီးကျင်းပခဲ့ပါသည်။ ထို့နောက် အမြဲတမ်းကိုယ်စားလှယ်၊ အဖွဲ့ရုံးယာယီတာဝန်ခံများမှ ဆုရရှိသူများအား အလှည့်ကျ ဆုပေးအပ်ခြင်းနှင့် တက်ရောက်လာသူများအား ကံစမ်းမဲဖောက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

မြန်မာအမြဲတမ်း ကိုယ်စားလှယ်မှ ၂၀၂၀ ပြည့်နှစ်၌ အာဆီယံမိသားစုပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲများကို အလှည့်ကျတာဝန်ယူကျင်းပမည့် ဖိလစ်ပိုင် အမြဲတမ်းကိုယ်စားလှယ်ထံသို့ အာဆီယံအထိမ်းအမှတ်တံဆိပ်ကို လွှဲပြောင်းပေးအပ်ကာ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။

**မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့၊**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။**

**ASEAN Sports and Family Day held under the coordinatorship of Myanmar Permanent Mission**

The annual event of the ASEAN Sports and Family Day of the ASEAN Committee in Geneva was held from 0900 hrs to 1500 hrs on 13 July 2019 at Evaux Sport Centre in Geneva under the coordinatorship of the Permanent Mission of Myanmar.

Altogether over 500 attendees were present at the event including Permanent Representatives/ Chargé d'affaires from the Permanent Missions of ASEAN countries to the United Nations and other International Organizations as well as to the World Trade Organization and their spouses and diplomats from ASEAN countries and their family members.

After the Permanent Representative of Myanmar made the welcome remarks, several sports activities were organized, followed by the medal presentation and lucky draw programme. Then, traditional food from ASEAN countries were served.

The Permanent Representative of Myanmar concluded the event by handing over the symbolic plaque of ASEAN Sports and Family Day to the next coordinator for the event, the Permanent Representative of the Philippines.

**Permanent Mission of Myanmar, Geneva**
**Dated: 15 July 2019**